## တတိယအကြိမ် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်

တတိယအကြိမ် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို (၂၄-၁၂-၂၀၁၉) ရက်နေ့တွင် ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ လုပ်ငန်းကော်မတီအစည်းအဝေးတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင် မှ စစ်တမ်းကောက်ယူမည့် မေးခွန်းလွှာအတည်ပြုနိုင်ရေး၊ စစ်တမ်းကောက်ယူမည့် ကာလ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ကလေးအလုပ်သမား ပပျောက်ရေးစစ်တမ်း ကောက်ယူနိုင်ရေးနှင့် စပ်လျဉ်းသည့် ဘတ်ဂျက်ခန့်မှန်းတွက်ချက်မှုများကိုဆွေးနွေးခဲ့ပါသည်။

ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်မှ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ခြင်းနှင့် ရှေ့ပြေးစစ်တမ်းမှ တွေ့ရှိချက်များနှင့် စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စစ်တမ်းမေးခွန်းလွှာ ပြင်ဆင်ရန်ကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့အပြင် စီမံကိန်းနယ်မြေများတွင် ပါဝင်ခြင်း မရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စစ်တမ်းကောက်ယူနိုင်ရေးအတွက် အသုံးစရိတ်များ တင်ပြတောင်းခံနိုင်ရေးကိုလည်းကောင်း၊ စစ်တမ်းကောက်ယူရန် စာရင်းစဉ်နှင့် နမူနာအရွယ်အစားကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးသို့ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များနှင့် ဗဟိုစာရင်းအင်း အဖွဲ့မှ အရာထမ်း/ အမှုထမ်းများ စုစုပေါင်း (၅၅) ဦးတက်ရောက်ခဲ့ကြပါသည်။


CLEAN


CSO